# မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၈ ခုနှစ်)

(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၄ ။)

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၂ ရက်

(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၈ ခုနှစ်) ဟု ခေါ်တွင်စေရမည်။

၂။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၂ တွင်-

(က) ပုဒ်မခွဲ (ခ) တွင် ပါရှိသော 'လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန' ဆိုသည့် စကားရပ်ကို 'စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန' ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ဂ) တွင် ပါရှိသော 'ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန' ဆိုသည့်စကားရပ်ကို 'လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန' ဆိုသည့် စကားရပ်ဖြင့် အစားထိုး ရမည်။

(ဂ) ပုဒ်မခွဲ (ဃ)၊ (စ) နှင့် (ဍ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

'(ဃ) **စီမံခန့်ခွဲရေးကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီကို ဆိုသည်။ ယင်းစကားရပ်တွင် ပြည်ထောင်စုနယ်မြေ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီလည်း ပါဝင်သည်။

(စ) **မြေရိုင်း** ဆိုသည်မှာ သစ်ပင်၊ ဝါးပင် သို့မဟုတ် ခြုံနွယ်များ ပေါက်ရောက်လျက် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ပထဝီမြေအနေအထားအရ မြေမျက်နှာပြင် ညီညာမှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ တစ်ကြိမ်တစ်ခါမျှ လုပ်ကိုင်အသုံးပြု ခဲ့ခြင်းမရှိသော မြေသစ်ဖြစ်သည့် မြေရိုင်းနှင့် တောရိုင်းမြေများကိုဆိုသည်။ ယင်းစကားရပ်တွင် ဤဥပဒေအရ ဆောင်ရွက်ရန်အလို့ငှာ တရားဝင်

ပယ်ဖျက်ပြီးဖြစ်သည့် လက်ရှိလုပ်ကိုင်အသုံးပြုခြင်းမရှိသော ကြိုးဝိုင်းသစ်တောမြေ၊ စားကျက်မြေနှင့် အင်းအိုင်မြေများလည်းပါဝင်သည်။

(ဃ) **ခွင့်ပြုမိန့်** ဆိုသည်မှာ ဤဥပဒေနှင့်အညီ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ဗဟိုကော်မတီနှင့် စီမံခန့်ခွဲရေးကော်မတီတို့က လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ပြုသည့်အမိန့်ကို ဆိုသည်။'

၃။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ အခန်း (၂) ၏ ခေါင်းစဉ်ကို အောက်ပါ အတိုင်း အစားထိုးရမည်-

**'အခန်း (၂)**

**မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီနှင့်စီမံခန့်ခွဲရေးကော်မတီများ ဖွဲ့စည်းခြင်း'**

၄။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (က) ကို အောက်ပါ အတိုင်း အစားထိုးရမည်-

'(က) နိုင်ငံတော် စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံများ၊ မြေယာမဲ့နိုင်ငံသားများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်နိုင်ရေးတို့အတွက် မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများကို အသုံးပြု၍ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဓာတ်သတ္တုထုတ်လုပ်ခြင်း၊ အစိုးရကခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများကို ထိရောက် မှန်ကန်စွာ အသုံးချစီမံဆောင်ရွက်နိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ် လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ သင့်လျော်သည့် ပုဂ္ဂိုလ်များနှင့် ပြင်ပမှသင့်လျော်သည့်ပုဂ္ဂိုလ်များက အဖွဲ့ဝင်အဖြစ်လည်းကောင်း ပါဝင်သော မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီကို ဖွဲ့စည်း ရမည်။'

၅။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၃ ၏ နောက်တွင် ပုဒ်မ ၃-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

'၃-က။ ဗဟိုကော်မတီသည်-

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ စီမံခန့်ခွဲရေးကော်မတီများကို ဖွဲ့စည်းပေးရမည်။ ထိုသို့ဖွဲ့စည်းရာတွင် ဒေသခံ တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ် များ၊ အရပ်ဘက်ဆိုင်ရာ အဖွဲ့အစည်းကိုယ်စားလှယ်များ၊ သင့်လျော်သည့် ပညာရှင်များ ထည့်သွင်းဖွဲ့စည်းပေးရမည်။

( ခ ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းထားသော စီမံခန့်ခွဲရေးကော်မတီများကို လိုအပ် သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။'

၆။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မ ၁၂ တို့တွင်ပါရှိသော 'နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုထားသော ရင်းနှီးမြှုပ်နှံသူများ' ဆိုသည့်စကားရပ်ကို 'မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံသည့် နိုင်ငံခြားရင်းနှီး မြှုပ်နှံသူများ' ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၇။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (င) ၏ နောက်တွင် ပုဒ်မခွဲ (စ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

'( စ ) မြေယာမဲ့နိုင်ငံသားများအတွက်သော်လည်းကောင်း၊ လုပ်ကွက်ငယ်တောင်သူလယ်သမားများ အတွက်သော်လည်းကောင်း၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက်သော်လည်းကောင်း တာဝန်ယူဆောင်ရွက်သည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ။'

၈။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၅ ၏နောက်တွင် ပုဒ်မ ၅-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

'၅-က။ မြေယာမဲ့နိုင်ငံသားများ၊ လုပ်ကွက်ငယ်တောင်သူလယ်သမားများသည် နိုင်ငံတော် အတွင်းရှိ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ယင်းနှင့် ဆက်နွှယ်လျက်ရှိသော စီးပွားရေးလုပ်ငန်းများအတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိလိုပါက သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီသို့ လျှောက်ထားနိုင်သည်။'

၉။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ဃ) တို့တွင်ပါရှိသော 'သတ္တုတွင်းဝန်ကြီးဌာန' ဆိုသည့်စကားရပ်ကို

'သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန' ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၁၀။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

'(ဂ) ကြိုးဝိုင်းတောနှင့် ကြိုးပြင်ကာကွယ်တောများဖြစ်သည့် သစ်တောနယ်မြေများကို ထိခိုက်ပျက်စီးမှုမရှိစေရေးနှင့် သဘာဝနယ်မြေများ ရေဝေရေလဲဒေသများ၊ သဘာဝ အင်းအိုင်များ၊ ကျွန်းနှင့်ကျွန်းစုများကို ထိန်းသိမ်းနိုင်ရေးတို့အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာအခြားဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။'

၁၁။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

'၈။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများတွင် လုပ်ပိုင်ခွင့် သို့မဟုတ် အသုံးပြုခွင့် လျှောက်ထားသည့်လုပ်ငန်းများကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။'

၁၂။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၈ ၏နောက်တွင် ပုဒ်မ ၈-က နှင့် ပုဒ်မ ၈-ခ တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

'၈-က။ (က) သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီသည် မိမိတို့၏ခွင့်ပြုပေးနိုင်သည့် ပမာဏအတွက် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများတွင် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားသည့်လုပ်ငန်းများကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သတ်မှတ်ကာလအတွင်း ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) စီမံခန့်ခွဲရေးကော်မတီ၏ ငြင်းပယ်ကြောင်းဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း ဗဟိုကော်မတီသို့ အယူခံဝင်ရောက်နိုင်သည်။

(ဂ) ဗဟိုကော်မတီသည် စီမံခန့်ခွဲရေးကော်မတီ၏ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုနိုင်သည်။

၈-ခ။ ပုဒ်မ ၈ နှင့် ပုဒ်မ ၈-က၊ ပုဒ်မခွဲ (ဂ) တို့အရ ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။’

၁၃။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

‘၉။ ဗဟိုကော်မတီနှင့် စီမံခန့်ခွဲရေး ကော်မတီတို့သည် ပုဒ်မ ၈ နှင့် ပုဒ်မ ၈-က တို့အရ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပေးခြင်းပြုသည့်အခါ အာမခံကြေး ပေးသွင်းစေပြီး ခွင့်ပြုမိန့်ထုတ်ပေးရမည်။’

၁၄။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၁၀ ၏ခြေဆင်း၊ ပုဒ်မခွဲ (က) နှင့် (ဂ) တို့ကို အောက်ပါအတိုင်းအစားထိုးရမည်-

‘၁၀။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများကို အောက်ပါလုပ်ငန်းများ အတွက်ခွင့်ပြုသည့်အခါ ဥပဒေနှင့်အညီ လက်ရှိလုပ်ကိုင်နေသူ ရှိ မရှိ စိစစ်ပြီးမှသာ ခွင့်ပြုရမည်။ ယင်းသို့ခွင့်ပြုရာတွင်-

(က) စိုက်ပျိုးရေးလုပ်ငန်းတွင် နှစ်ရှည်ပင်၊ ဥယျာဉ်ခြံသီးနှံနှင့် စက်မှုကုန်ကြမ်း ရာသီ သီးနှံတို့အတွက် တစ်ကြိမ်လျှင် ဧက ၃၀၀ နှင့်အထက် ဧက ၃၀၀၀ ထက် မပိုစေဘဲခွင့်ပြုနိုင်သည်။ ခွင့်ပြုထားပြီးသည့်ဧက၏ ၇၅ ရာခိုင်နှုန်းကို အပြည့် အဝ လုပ်ကိုင်ဆောင်ရွက်ပြီးဖြစ်ပါကထပ်မံ၍ တစ်ကြိမ်လျှင် ဧက ၃၀၀၀ ထက် မပိုစေဘဲ စုစုပေါင်း ဧက ၃၀၀၀၀ အထိ အကြိမ်ကြိမ်ခွင့်ပြုနိုင်သည်။ နိုင်ငံတော် အကျိုးအလို့ငှာ ခွင့်ပြုသင့်သောလုပ်ငန်းဖြစ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တစ်ကြိမ်တည်းတွင် ဧက ၃၀၀၀ ထက်ပို၍ ဧက ၃၀၀၀၀

预览已结束，完整报告链接和二维码如下：
https://www.yunbaogao.cn/report/index/report?reportId=10_752530